၇၄၀၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်ရုံး

အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇)

ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇) (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၉။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ဖ/၁၂/၁၁ ( ၄၈ ) / ပထစ - ၂၀၁၇

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်

**ဖြန့်ဝေခြင်း**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း (၁) တွင်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

၁.၈.၂၀၁၇

သီသီနွယ်

ဒုတိယညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့်
ဥပဒေကြမ်း

# မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇)

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၇) ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃-က တွင် -

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) Notwithstanding anything contained in any other laws except the Nay Pyi Taw Development Law, in the case of instruments (conveyance, gift and mortgage-deed) affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, proper stamp duties charged by Articles 23, 33 and 40 (a) respectively of Schedule I annexed to this Act shall be increased by an additional stamp duty of 2 per centum for a consideration equal to the market-value of the property so situated."

(ခ) ပုဒ်မခွဲ (၂) တွင်ပါရှိသော "The Ministry of Finance of the Union Government" ဆိုသည့် စကားရပ်ကို "The Ministry of Planning and Finance of the Union Government" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "to the Township Development Funds" ဆိုသည့်စကားရပ်ကို "to the respective Region or State Funds" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၁၊ အမှတ်စဉ် (၁၅) တွင်ပါရှိသော "one and a half per centum" ဆိုသည့်စကားရပ်ကို "0.5 per centum" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၂၃) တွင်ပါရှိသော "Three per centum" ဆိုသည့်စကားရပ်ကို "Two per centum"

ပြည်ထောင်စုလွှတ်တော်က
အတည်ပြုသည့် ၆
ဥပဒေကြမ်း ၂၆/၁၂



ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၃၅) (ဂ) တွင်ပါရှိသော "kyat 600"ဆိုသည့် စကားရပ်ကို "kyat 300" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၆၂) တွင်ပါရှိသော "0.3 per centum" ဆိုသည့်စကားရပ်ကို "0.1 per centum" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်